## ဒီစာအုပ်နဲ့ စာရေးသူများ

ဒီစာအုပ်ဟာ စီးပွားရေးလောကမှာ ဘုရင်တစ်ဆူ ပါရဂူကြီးဖြစ်နေတဲ့ ရင်းနှီးမြှုပ်နှံမှု ကျွမ်းကျင်သူ သူဌေးကြီး Warren Buffett ကဦးဆောင်ပြီး လွှင့်ထုတ်ခဲ့တဲ့ တီဗီဇာတ်လမ်းတွဲလေးတွေကို Andy နဲ့ Amy Heyward တို့က စာနဲ့အနှစ်ချုပ် ပြန်သရုပ်ဖော်ရေးပြတာ ဖြစ်ပါတယ်။

ဆရာကြီး Warren Buffett ဟာ Berkshire Hathaway ရဲ့ ဉက္ကဋ္ဌတာဝန်ယူထားပါတယ်။ Andy နဲ့ Amy တို့ကလည်း လို့ဝှက်မီလျံနာကလပ် အစီအစဉ်တွေ ပူးတွဲတင်ဆင်ခဲ့ကြသူတွေပါ။

ဒီဇာတ်လမ်းလေးတွေက ကမ္ဘာတစ်ဝှမ်းက ဆယ်ကျော်သက်လူငယ်တွေကို စီးပွားရေးလုပ်ငန်းအကြောင်း ရင်းနှီးမြှုပ်နှံမှုကိစ္စတွေနဲ့ အောင်မြင်သူတွေအဖြစ်ရောက်အောင် ပညာပေးတင်ဆက်ထားတာ ဖြစ်ပါတယ်။

အဖိုးတန်သင်ခန်းစာတွေပေးရာမှာ Jay-Z, Shaquille O'Neal, Kelly Rowland, Nick Cannon တို့လို အနုပညာရှင်တွေသာမက ပညာရှင်သူဌေးကြီး Bill Gate ကိုပါထည့်ထားတာ တွေ့ရပါမယ်။

လူငယ်တွေအဖို့ စီးပွားရေးအခြေခံသဘောတရား အယူအဆလေးတွေကို လွယ်ကူရိုးရှင်းတဲ့ပုံစံနဲ့ သိရှိနားလည်ပြီး တစ်ချိန်မှာ အောင်မြင်တဲ့ လုပ်ငန်းရှင်သူဌေးကြီးတွေဖြစ်ဖို့ ရည်ရွယ်တယ်လို့ စီစဉ်သူတွေက ဆိုထားပါတယ်။